ဖိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

မေလ ၂၀၁၇

“ငါသည်ကား ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်ရှိမည်” (မာတေဦး ၂၈း၂၀)

မာတေဦးက သူရေးသားသောကျမ်းအား ကမ္ဘာမြေပေါ်မှ သခင်ယေရှု၏အသက်တာ နောက်ဆုံးပြုခဲ့သော အမှုအရာတို့ဖြင့် အဆုံးသတ်ခဲ့ပါသည်။ သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် လူသားအားလုံးအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ကြေညာစရာသူ၏အမှုတော်အား ပြီးပြည့်စုံစေခဲ့ပါပြီ။ ကိုယ်တော်ရှင်သည် လူ့ဘောင်သမိုင်းတွင် ပေါင်းစည်းညီညွတ်ရေးဆီသို့ရှေးရှုသည့်လမ်းစကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါသည်။ ရှင်မာတေဦးက သခင်ယေရှုအား ပရောဖက်အပေါင်းတို့က ကတိပေးခဲ့ကြသလို အစ္စရေးလူမျိုးတို့ မျှော်လင့်စောင့်ဆိုင်းနေခဲ့ကြသော ဧမာနွေလ(ကျွန်ုပ်တို့နှင့်အတူရှိသူ) ဟုရှုမြင်ပါသည်။

အဖခမည်းတော်ထံ ပြန်ကြွတော်မမူမီ သူ၏အမှုတော်မြတ်၌ အနီးကပ်ရှိခဲ့ကြသော တပည့်တော်ကြီးများနှင့်အတူစုဝေးလျက် ဆက်လက်လုပ်ဆောင်ရမည့်အမှုအရာကို သူတို့အားလွှဲအပ်တော်မူပါသည်။ ယင်းမှာ အလွန်ပင် ခက်ခဲသောတာဝန်ဝတ္တရားဖြစ်သည်။ သို့သော် သခင်ယေရှုက ကမ္ဘာကုန်သည့်တိုင်အောင် ဘယ်သောအခါမျှ သူတို့ အားစွန့်ပစ်ထားမည်မဟုတ်ကြောင်း၊ နေ့စဉ်နှင့်အမျှ သူတို့နှင့်အတူရှိနေမည်ဖြစ်ကြောင်း၊ ကူညီနေမည်ဖြစ်ကြောင်း၊ သူတို့အားအဖေါ်ပြုလျက် အားပေးနေမည်ဖြစ်ကြောင်း ကတိတော်ထားရှိခဲ့ပါသည်။

သူ့အားဖြင့် ဘုရားသခင်နှင့်ဆုံတွေ့ရန်နှင့် သူ၏ပြောစကားများ၊ လူသားတိုင်းကိုကြိုဆိုလျက် သနားကရုဏာထားသည့်လုပ်ဆောင်မှုများကို ထိုသူတို့သည် သက်သေခံကြမည်ဖြစ်သည်။ ဤသို့အားဖြင့် များစွာသော လူတို့သည်လည်း ကိုယ်တော်ရှင်နှင့်ဆုံစည်းကြစေမည်ဖြစ်ပြီး ဘုရားသခင်၏အသစ်သော လူမျိုးတော်အဖြစ် ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာ စေစားမှုအောက်တွင် ဖွဲ့တည်ကြလိမ့်မည်။

ဘုရားသခင်က ကျွန်ုပ်နှင့်အတူရှိခြင်း၊ နေ့စဉ် သင်နှင့် ကျွန်ုပ်တို့နှင့်၊ ကျွန်ုပ်တို့တစ်ဦးချင်းစီ၏အသက်ဆုံးတိုင် အတူရှိခြင်းအတွက် ပျော်ရွှင်လိမ့်မည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ တကယ်ဖြစ်ပါ့မလား။ သင်သည် ကိုယ်တော်ရှင်အားအမှန်တကယ်ဆုံတွေ့နိုင်ပါသလား။

ကိုယ်တော်ရှင်သည် အနားမှာရှိ၏၊ သင်နှင့်ကျွန်ုပ်တို့နံဘေးတွင်ရှိသည်။ ကိုယ်တော်ရှင်သည် ဆင်းရဲနွမ်းပါးသူများ၊ အနှိမ်ခံများ၊ သိမ်ငယ်သူများ၊ နာမကျန်းဖြစ်နေသူများ၊ အကူအညီလိုအပ်နေသူများ၊ လွတ်လပ်မှုဆုံးရှုံးကြရသူများ၌ရှိနေပါသည်။ ကိုယ်တော်ရှင်သည် အကျည်းတန်သူများနှင့် အသိုင်းအဝိုင်းမှကျဉ်ထားခြင်းခံရသူများ၌လည်း ရှိပါသည်။ သခင်ယေရှုက “ငါသည်ဆာလောင်သောအခါ သင်တို့သည်ငါ့အားစားစရာပေးကြ၏” ဟုမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ဘယ်မှာရှိကြောင်း မည်သို့ရှာဖွေရမည်ကို လေ့လာသင်ယူကြပါစို့။

ကိုယ်တော်ရှင်သည် သူ၏နှုတ်ကပတ်တော်ထဲတွင်ရှိသည်ဖြစ်၍ လက်တွေ့ကျင့်ကြံလိုက်လျှောက်ပါလျှင် ကျွန်ုပ်တို့၏အသက်တာများသည် အသစ်တဖန်ပြောင်းလဲလာပါလိမ့်မည်။ ကိုယ်တော်ရှင်အား ကမ္ဘာတစ်ဝှန်းလုံးရှိ ကိုယ်တော်မြတ်မုန့်တွင်လည်းတွေ့ရှိနိုင်ပါသည်။ ကိုယ်တော်ရှင်သည် သူ၏လူမျိုးတော်တို့အတွက် အမှုတော်ထမ်းဆောင်နေကြသော သာသနာ့အမှုတော်ဆောင်များနှင့်အတူလည်း လုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့ဝန်းကျင်

တွင် စည်းစည်းလုံးလုံးရှိနေသောအခါ ကိုယ်တော်ရှင်ရှိနေပါသည်။ အဖခမည်းတော်ဘုရားထံကျွန်ုပ်တို့ဆုတောင်းသောအခါ ပို၍ထိရောက်မှုရှိသလို နေ့စဉ်နှင့်အမျှ ပြုရသောဆုံးဖြတ်ချက်များအတွက် လိုအပ်သောအလင်းကျေးဇူးကို ရရှိပါသည်။

"ငါသည်ကား ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်ရှိမည်"

အဆိုပါကတိတော်စကားက ကျွန်ုပ်တို့အား ကြီးမားသောမျှော်လင့်ချက်နှင့် ကျွန်ုပ်တို့သွားရာလမ်းတစ်လျှောက်တွင် ကိုယ်တော်ရှင်အားရှာဖွေတွေ့ရှိဖို့အားပေးတိုက်တွန်း လျက်ရှိပါသည်။ ကျွန်ုပ်တို့၏နှလုံးသားများကိုဖွင့်ထားကြပါစို့။ ထို့အပြင် ကျွန်ုပ်တို့၏လက်အစုံကိုလည်း ကမ်းလှမ်းကြိုဆိုကာ ဝေမျှကြပါစို့။ ယင်းကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအသိုင်းအဝိုင်းအားဖြင့်သော်လည်းကောင်း မိသားစုများအတွင်း၊ ကျွန်ုပ်တို့၏ဘုရားကျောင်းများ၊ လုပ်ဆောက်ကြပါစို့၊ လုပ်ငန်းခွင်များ၊ ပွဲလမ်းအခမ်းအနားများ၊ အစိုးရရုံးဌာနများ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့များတို့တွင် လုပ်ဆောင်ကြပါစို့။ ဤသို့ပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ယေဇူးနှင့်ဆုံတွေ့ရမည်ဖြစ်ပြီး ကိုယ်တော်ရှင်က ကျွန်ုပ်တို့အား ဝမ်းမြောက်ခြင်းနှင့် အလင်းကျေးဇူးတော်နှင့်အတူ အံ့အားသင့်နေပေလိမ့်မည်။ ယင်းကားကိုယ်တော်ရှင်တည်ရှိနေခြင်း၏ အမှတ်လက္ခဏာများပင်ဖြစ်တော့သည်။

နေ့စဉ်နံနက်တိုင်း "ယနေ့တွင် ဘုရားသခင်သည် ကျွန်ုပ်အား မည်သည့်နေရာတွင်ဆုံတွေ့မည်ကို သိချင်ပါသည်" ဟု စပြီးထောက်ရှုဆင်ခြင်မည်ဆိုပါလျှင် ကျွန်ုပ်တို့သည်လည်း အံ့သြဘွယ်ရာ အောက်ပါအတွေ့အကြုံမျိုးများကို ရရှိကြပါလိမ့်မည်။

"ကျွန်မရဲ့ယောက္ခမဟာ သူ့သားအပေါ် သိပ်သံယောဇဉ်ကြီးတဲ့အတွက်ကြောင့် မနာလိုစရာပင်ဖြစ်ရပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်လောက်က သူ့မှာ ကင်ဆာရောဂါဖြစ်ကြောင်းတွေ့ရှိခဲ့ရပြီး တစ်ဦးတည်းသောသမီးဖြစ်သူကလည်း သူ့ရဲ့လိုအပ်ချက်အတွက် ထိရောက်တဲ့ပြုစုစောင့်ရှောက်မှုနဲ့ အကူအညီမပေးနိုင်ဘူး။ အဲဒီကာလအတောအတွင်းမှာ ကျွန်မလည်း မာရီယားပိုလစ်မှာ ပါဝင်တက်ရောက်ခဲ့ပြီး အဲဒီမှာ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို ထိတွေ့ခံစားခဲ့ရပြီး ကျွန်မရဲ့အသက်တာဟာ ပြောင်းလဲသွားခဲ့ပါတယ်။ ဒီပြောင်းလဲမှုရဲ့ပထမဆုံးအသီးအပွင့်အတော့ ကျွန်မရဲ့စိုးရိမ်စိတ်ကိုဖြေဖျောက်ပြီး ယောက္ခမဖြစ်သူ ကျွန်မတို့နဲ့အတူလာနေပါလားလို့ မေးဖို့ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မနှလုံးသားမှာ အလင်းကျေးဇူးနဲ့ပြည့်ဝပြီး သူ့ကို အမြင်သစ်နဲ့ရှုမြင်နိုင်ခဲ့ပါတယ်။ သူမမှာရှိတဲ့ သခင်ယေဇူးကို ပြုစုစောင့်ရှောက်ကူညီရတယ်ဆိုတာကို ကျွန်မသိပါတယ်။

အံ့သြဖို့ကောင်းတာက ကျွန်မသူ့အပေါ်ပြုသမျှကို သူက ချစ်ခြင်းများစွာဖြင့် ပြန်လည်တုန့်ပြန်ခဲ့တာပါပဲ။

လအနည်းငယ်ကြာတော့ ပေးဆပ်ရမှုများစွာရင်ဆိုင်ခဲ့ရတာပေါ့၊ သို့ပေမယ့် ကျွန်မရဲ့ယောက္ခမဟာ ညင်သာစွာဖြင့်ဆုံးပါးသွားခဲ့သလို ကျွန်မတို့အားလုံးအတွက် လေးနက်တဲ့ငြိမ်သက်ခြင်းအနှစ်သာရကို ထားရစ်ခဲ့ပါတယ်။

အဲဒီအချိန်လောက်မှာပဲ ၉ နှစ်ကြာစောင့်ဆိုင်းခဲ့ပြီးမှ ကျွန်မဟာ ကိုယ်ဝန်ရှိနေတယ်ဆိုတာကို သတိပြုမိခဲ့ပါတယ်။ ခုဆိုရင် ကျွန်မတို့ရဲ့သားလေးဟာ ကျွန်မတို့အဖို့ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာအမှတ်လက္ခဏာပါပဲ။

*Letizia Magri*

******************************************************************